
# ACC Against COVID-19




## အစီအစဉ် (၈၉)

## "ပွင့်လင်းမှုနဲ့ ပေါက်ကြားမှု"

တင်ပြသူ
**သိုက်စိုးထွန်း (နတ်ရွာ)**

ပွင့်လင်းမှုနှင့် ပေါက်ကြားမှု၊ ဒီနှစ်ခုက "ခတ်ပြာနဲ့ရွှေဝါ၊ ဒုတ္ထာနဲ့ နီလာ၊ မဟူရာနဲ့ မီးသွေး၊ ဇင်ရွေးနဲ့ပတ္တမြား၊ ယောက်သွားနဲ့ ခရုသင်း၊ ပယင်းနဲ့ ပွဲလျက်၊ တွင်းထွက်နဲ့မန္တလီ" ဆိုသလို ရုတ်တရက်ကြည့်ရင် တူသလိုလိုရှိပေမယ့် တကယ်သေချာ လေ့လာလိုက်တော့မှ သိပ်ကိုကွဲပြား ခြားနားတယ်ဆိုတာကို တွေ့ရတာမျိုးပါ။ ဒီနှစ်ခုရဲ့ အဓိပ္ပာယ်ကို ကောင်းကောင်း မခွဲခြား နိုင်တဲ့အတွက် ပြဿနာတွေဖြစ်ရတာတွေလည်းများပါတယ်။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ်မှာ ပါဝင်ရမယ့် အင်္ဂါရပ် တွေထဲမှာ ပွင့်လင်းမြင်သာမှုက အရေးကြီးတဲ့အချက် တစ်ခု အနေနဲ့ ပါဝင်နေပါတယ်။ ပွင့်လင်းမြင်သာမှုဆိုတာ ဘာလဲ၊ ဘယ်လောက်အထိပွင့်လင်းဖို့ လိုအပ်သလဲ၊ ဒါတွေကလည်း အရေးကြီးပါတယ်။ ပညာရှင် တစ်ဦးကတော့ ပွင့်လင်းမြင်သာမှု ဆိုတဲ့ စကားလုံးထဲမှာ ပွင့်လင်းတာရယ်၊ ရိုးသားဖြောင့်မတ် တာရယ်၊ တာဝန်ခံတာရယ် ပါဝင်နေ တယ်လို့ဆိုပါတယ်။






ပွင့်လင်းမြင်သာမှုက အစိုးရတွေမှာမှ လိုအပ်တာလားဆိုတော့ မဟုတ်ပါဘူး။ ကုမ္ပဏီတွေ၊ အရောင်းဆိုင်ကြီးတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့ အစည်းတွေ စသည်အားဖြင့် အဖွဲ့အစည်းပေါင်းစုံမှာ လိုအပ်ပါတယ်။ အရောင်းစာရေးတစ်ယောက်က ငွေရှင်းတဲ့အခါ ဘယ်ပစ္စည်းက ဘယ်လောက်ကျသင့်လို့ စုစုပေါင်း ဘယ်လောက်ကျသင့်တယ်ဆိုတာရယ်၊ အအမ်းငွေ ဘယ်လောက်ပြန်ရမယ် ဆိုတာရယ်ကို သေချာရှင်းပြတာလည်း ပွင့်လင်းမြင်သာမှုပါပဲတဲ့။ ကုမ္ပဏီတစ်ခုမှာ ဘယ်ဝန်ထမ်းက လစာ ဘယ်လောက်ရတယ်ဆိုတာကို ကိုယ့်ဝန်ထမ်းတွေအားလုံးကို သိခွင့်ပေးထားတာလည်း ပွင့်လင်းမြင်သာမှုပါပဲတဲ့။ ဘယ်အလှူရှင်ကဘယ်လောက် လှူလို့ ဘယ်ကဏ္ဍမှာ ဘယ်လောက် သုံးစွဲထားတယ်ဆိုတာကို သိခွင့်ပေးထားတာလည်း ပွင့်လင်းမြင်သာမှုပါပဲတဲ့။



အစိုးရနဲ့ဆိုင်တဲ့လုပ်ငန်းတွေအနေနဲ့ဆိုရင်တော့ တိုင်းပြည်မှာအခွန်၊ အကောက်တွေ ဘယ်လောက်ရနေတယ်ဆိုတာတွေ၊ ဘယ်ကဏ္ဍတွေမှာ ဘယ်လောက်သုံးစွဲဖို့ လျာထားတယ် ဆိုတာတွေ၊ ဘယ်ကိစ္စတွေကို ဘယ်လို အကောင်အထည်ဖော်ဖို့ဆုံးဖြတ်ထားတယ်ဆိုတာတွေ၊ ဘယ်ဥပဒေတွေက ဘယ်လိုရှိတယ်ဆိုတာမျိုးတွေကို အများပြည်သူသိရှိအောင်ချပြထားတာမျိုးကို ပွင့်လင်းမြင်သာမှု ရှိတယ်လို့ ဆိုနိုင်မှာပါ။

ပွင့်လင်းမြင်သာမှုရှိစမ်းပါ၊ ရှိစမ်းပါဆိုပြီး တာဝန်ရှိသူတွေကို အတင်းတွန်းလေ့ရှိကြပါတယ်။ ဒါပေမဲ့ ပွင့်လင်းမြင်သာမှုဆိုတာကလည်း နေရာတကာရှိလို့ရတာမျိုး မဟုတ်ပါဘူး။ ဥပမာအားဖြင့် စစ်ဆင်ရေးကိစ္စတွေ၊ လုံခြုံရေးနဲ့ဆိုင်တဲ့ စာရွက်စာတမ်း အချက်အလက်တွေကို အများပြည်သူ သိအောင်ချပြဖို့မဖြစ်နိုင်ပါဘူး။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေသာ သိခွင့်ရှိတာမျိုးပါ။ မဟော်သဓာပညာရှိကလည်း မိန့်ဆိုခဲ့တယ်။ လျှို့ဝှက်အပ်သောအရာကို လျှို့ဝှက်ထားမှသာကောင်းပါတယ်တဲ့။



လောကကြီးမှာ ဖုံးထားမှ တင့်တယ်တဲ့အရာတွေရှိသလို ဖော်ထားမှတင့်တယ်တဲ့ အရာတွေ လည်းရှိပါသတဲ့။ ဘယ်ဟာကိုဖုံးပြီး ဘယ်ဟာကိုဖော်ရမယ်ဆိုတာမသိရင် ခါးထောင်းကျိုက်တစ်ခြား ဟိုဒင်းတစ်ခြားဖြစ်သွားနိုင်ပါတယ်။ ဘယ်ဟာက ပွင့်လင်းရမယ့်အရာလဲ၊ ဘယ်ဟာက ပေါက်ကြားလို့မဖြစ်တဲ့အရာလဲဆိုတာကို သေသေချာချာ သိရှိနားလည်ထားဖို့ အရေးကြီးပါတယ်။

တည်ဆောက်ရေးလုပ်ငန်းကြီးတစ်ခုဆောင်ရွက်ဖို့ရှိတယ်ဆိုပါစို့။ ဘယ်အချိန်တင်ဒါခေါ်လို့ ခေါ်မှန်းမသိ၊ စံချိန်စံညွှန်းတွေကဘာမှန်းမသိ၊ ဘယ်သူတွေ လျှောက်ခွင့်ရှိလို့ရှိမှန်းမသိ။ သက္ကယ်ချောင်းနဲ့ ခေါင်းလောင်းထိုးသလို ကြော်ငြာ ကလေးခေါ်၊ ရုံးက ကြော်ငြာသင်ပုန်းမှာကပ်ပြီး သတ်မှတ်ရက်ပြည့်တော့ ကိုယ်လက်တို့ ခေါ်ထားတဲ့သူနဲ့ နှစ်ပါးသွားလိုက်တာမျိုးက အစွန်းတစ်ဘက်။ ဒီအစွန်းကိုရှောင်နိုင်ဖို့အတွက် လုပ်ငန်းတန်ဖိုးဘယ်လောက်ရှိရင် ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာကို သတ်မှတ်ထားပြီးဖြစ်ပါတယ်။



ငါတို့ကတော့ ပွင့်လင်းမြင်သာမှုရှိရှိပဲဟော့ဆိုပြီး တင်ဒါကြမ်းခင်းဈေးတွေကို ကိုယ်ရစေချင်တဲ့ သူဆီ ဖွင့်ပြောလိုက်တာမျိုး၊ ရာထူးသစ်ခေါ်ယူမှုအတွက်၊ ဒါမှမဟုတ် လုပ်ငန်းခွင်အတွင်းက ဝန်ထမ်းတွေကို ရာထူးတိုးမြှင့်ပေးဖို့အတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲအဖြေခိုင်းတဲ့အခါ ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်တာပဲဆိုပြီး ကိုယ့်ရဲ့နီးစပ်ရာ တပည့်တပန်းလေးတွေကို မေးခွန်းကြိုပေးထားလိုက်တာမျိုး။ ပွင့်လင်းမှုနဲ့ ပေါက်ကြားမှုကို နားလည်မှုလွဲရင်းလွဲရင်းနဲ့ အဂတိဘက်ကို ယိမ်းသွားတတ်ပါတယ်။

ပွင့်လင်းမြင်သာမှုမရှိတာက အဂတိလိုက်စားနိုင်ချေကို မြင့်တက်စေသလို လုံခြုံမှုရှိရမယ့် သတင်းအချက်အလက်ပေါက်ကြားတာကလည်း အဂတိလိုက်စားမှုနဲ့ဆက်နွှယ်နေတတ်ပါတယ်။ ဖုံးထားသင့်တဲ့အရာလေးကို ဖွင့်ပြလိုက်ရင်းနဲ့ လာဘ်ပေးလာဘ်ယူဖြစ်သွားနိုင်သလို ဖွင့်ထားသင့်တဲ့ အရာတွေကို ဖုံးထားပြီး လက်သိပ်ထိုးလိုက်ရင်းနဲ့ လာဘ်ပေးလာဘ်ယူလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါမှမဟုတ် အဂတိတရားလေးပါးထဲက တစ်ပါးပါးကို ကျူးလွန်မိတာမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။



ဖုံးခြင်းဖော်ခြင်းအနုပညာဆိုတာလည်း နည်းနည်းတော့ သိမ်မွေ့ပါတယ်။ ပွင့်လင်းလိုက်ရ မှာလား၊ လျှို့ဝှက်ထားလိုက်ရမှာလားဆိုတာကို မဝေခွဲနိုင်ဖြစ်ရတဲ့အခိုက်အတန့်လေးတွေလည်း ရှိတတ်ပါတယ်။ မီဒီယာတစ်ခုခုက မေးပြီ၊ သတင်းထောက်တစ်ယောက်ယောက်က မိုက်ခရိုဖုန်းကြီး၊ အသံဖမ်းစက်ကြီးကို ကိုယ့်ရှေ့ထိုးပေးနေပြီ။ မေးခွန်းတွေတရစပ်မေးနေ ပြီ။ ဒီမေးခွန်းကို ဖြေရရင်ကောင်းမလား၊ မဖြေဘဲနေရရင် ကောင်းမလား၊ သိသလိုလို မသိသလိုလို ဝေ့လည်ကြောက်ပတ်လုပ်နေရရင် ကောင်းမလား၊ ပြောလိုက်ရင်အန္တရာယ်ရှိမလား၊ မပြောဘဲ ထားတာကမှ အဆင်ပြေမလား၊ ဘာလားညာလားနဲ့ ရုတ်တရက် မစဉ်းစားတတ်ဘဲ ဖြစ်သွားတတ်ပါတယ်။ ပွင့်လင်းမြင်သာမှုကိုဖော်ဆောင်ရမယ့် အရေးလည်းရှိသလို မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေဆိုတာကလည်း ရှိနေပြန်တယ်။



ပေါက်ကြားတယ်ဆိုရာမှာလည်း သွေးရိုးသားရိုးပေါက်ကြားသွားတာမျိုးလည်း ရှိနိုင် ပြန်ပါတယ်။ ဥပမာအားဖြင့် အရာရှိတစ်ယောက်က သူ့ရဲ့ရုံး/ဌာန ကဖွင့်ထားတဲ့ Viber Group တို့၊ Messenger Group တို့မှာ သူ့ရဲ့လက်ကိုင်ဖုန်းနဲ့ သုံးတယ်။ လိုအပ်တဲ့ ဓာတ်ပုံတွေ၊ စာရွက်စာတမ်းတွေကို ဖုန်းထဲမှာ သိမ်းထား လိုက်တယ်။ ဖုန်းတစ်ခုခု ပျက်လို့ ပြင်တဲ့ဆိုင်ကို ပို့တဲ့အခါပဲဖြစ်ဖြစ်၊ နည်းပညာ ကျွမ်းကျင်တဲ့ အသိအကျွမ်း တစ်ယောက်ယောက်ဆီ အကူအညီတောင်းပြီး အပြင်ခိုင်းတဲ့ အခါပဲဖြစ်ဖြစ် ရုံးစာရွက် စာတမ်းတွေက မတော်တဆ ပေါက်ကြား သွားတယ်။ ဒါမှမဟုတ် တမင်တကာ ကူးယူ ခြင်း ခံလိုက်ရလို့ မသမာသူရဲ့လက်ထဲ ရောက်သွားတယ်။ အကြီးအကျယ် ပြဿနာ တက်သွားရော။



ဒါ့ကြောင့် စာတွေဖြန့်တဲ့အခါ Code နံပါတ်တွေဘာတွေကြိုတင်မှတ်သားပြီးမှ ပို့ရတဲ့ အလေ့အကျင့်လေးတွေလုပ်လာကြတယ်။ ဒီလိုလုပ်တော့ မလိုအပ်တဲ့ ဆီပေါက်ကြား သွားရင် ဘယ်ဌာန၊ ဘယ်ဒေသ လောက်ဆီက စပေါက်သလဲဆိုတာ ကို အကြမ်းဖျဉ်း သိနိုင်တာပေ့ါ။ ပြီးတော့ တိတိကျကျ စုံစမ်းဖော်ထုတ်ပြီး အရေးယူ နိုင်တာပေ့ါ။

သတင်းအချက်အလက်နည်းပညာတိုးတက်နေတဲ့ခေတ်ကြီးထဲမှာ အမျိုးမျိုးသော Mobile Application တွေကလည်း ပေါ်နေတယ်။ ဒီ Application တွေကို သုံးတဲ့အခါမှာလည်း မြောက်များစွာသတ်မှတ်ဖော်ပြထားတဲ့ သူ့ရဲ့ ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါ့မယ်လို့ သဘောတူခွင့်ပြုချက်ပေးလိုက်ရတယ်။ သဘောမတူဘူးဆိုရင်လည်း ဒီ Application ကို မသုံးဘဲနေရုံရှိတော့တာပေါ့။ ဒီသဘောတူညီချက်တွေထဲမှာ တစ်ချို့က ဒီဖုန်းထဲက ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ၊ အသံဖိုင်တွေကို လိုအပ်သလိုယူပါ့မယ်ဆိုတာမျိုးတွေပါနေတယ်။ ဒီတော့ ကိုယ့်ဖုန်းထဲမှာရှိနေတဲ့ စာရွက်စာတမ်းတွေ၊ အချက်အလက်တွေရဲ့လုံခြုံမှုကို ဘယ်သူက ဘယ်လောက်အထိ အာမခံချက်ပေးထားနိုင်သလဲ ဆိုတာက တော်တော်လေးစဉ်းစားစရာ ကောင်းနေပြန်တယ်။ ကိုယ့်ဖုန်းကိုယ် လျှို့ဝှက်နံပါတ်လေးပေး၊ လက်ဗွေရာ လေးမှတ်ထားရုံနဲ့ ဒီထဲကအချက်အလက်တွေ လုံလုံခြုံခြုံရှိနေရဲ့လားဆိုတာ သံသယဝင်စရာကောင်းလာပါတယ်။



မတော်တဆပေါက်ကြားသွားပြီး ကာယကံရှင်ကို အရေးယူခံရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ နောက်ဆုံးမှာတော့ ပေါ့လျော့မှုဆိုတာနဲ့ ငြိသွားနိုင်ပါတယ်။ မတော်တဆဖြစ်သွားတဲ့ ပေါက်ကြားမှုရှိသလို တမင်တကာပြုလုပ်တဲ့ ပေါက်ကြားမှုတွေလည်း ရှိတတ်ပါတယ်။ တမင်တကာဆိုရင်တော့ ထိထိရောက်ရောက် အရေးယူကြရမှာပါပဲ။

ပွင့်လင်းမှုနဲ့ပေါက်ကြားမှု၊ ဒီနှစ်ခုကို ရောထွေးအသုံးပြုရင်း ကိုယ်ကျိုးစီးပွားကို ရှာသွားတဲ့ သူတွေ၊ ဒီနှစ်ခုရဲ့ခြားနားမှုကိုနားလည်ပါလျက်နဲ့ တစ်ဘက်လူကို အကြပ်ရိုက်အောင် ချောင်ပိတ် မေးတတ်တဲ့သူတွေ၊ ခြားနားမှုကိုနားမလည်လို့ သူများခင်းပေးလိုက်တဲ့လှည့်ကွက်ထဲမှာ ဟပ်ထိုးလဲပြီး ဒုက္ခရောက်ရသူတွေ စသည် စသည်အားဖြင့် အမျိုးမျိုးအဖုံဖုံ စုံသည်ထက်စုံအောင် ရှိနေကြပါတယ်။ သဲသဲကွဲကွဲသိမထားရင် အလဲလဲ အကွဲကွဲဖြစ်သွားတတ်ပါတယ်။



ပွင့်လင်းမှုနဲ့ပေါက်ကြားမှု၊ သူ့အမိပ္ပာယ်တွေကို ကောင်းကောင်းနားလည်ပြီး ဖုံးသင့်တာဖုံး၊ ဖော်သင့်တာဖော်၊
သင့်လျော်သလိုဆောင်ရွက်နိုင်ကြပါစေ။







